မလှိုင်ကုန်းမီးရထားခေါင်းစက်ဝန်းမှ ဝန်ထမ်းမိသားစုဦးရေ ၆၀၀ ကျော်ပြောင်းရွှေ့

ရန်ကုန်၊ မတ် ၁၀

Facebook 20200310 18:14 投稿

မလှိုင်ကုန်းမီးရထားခေါင်းစက်ဝန်းအတွင်း CDM ပြုလုပ်နေသော ဝန်ထမ်းများကို ရဲနှင့်

စစ်တပ်တို့က အင်အားသုံးဝင်ရောက်ဖမ်းဆီးနေသောကြောင့်

ဝန်ထမ်းများနေရပ်စွန့်ခွာ၍ရှောင်တိမ်းနေရကြောင်းယင်းဝန်ထမ်းအသိုင်းအဝိုင်းထံမှ

သိရသည်။

မလှိုင်ကုန်းမီးရထားခေါင်းစက်ဝန်းအတွင်း CDM ပြုလုပ်နေသော ဝန်ထမ်းများကို ရဲနှင့်

စစ်တပ်တို့က လူစာရင်းအလိုက် ၁၃ဦးခန့်ကိုမတ်လ ၁၀ရက် နံနက်

၆နာရီခွဲခန့်တွင်အင်အားသုံး၍ဝင်ရောက်ဖမ်းဆီးခဲ့ပြီး ၃ဦးမိထား၍

ကျန်ဝန်ထမ်းများရှောင်တိမ်းသွားခဲ့ပြီး လက်ရှိအချိန်၌

မိသားစုများဆက်လက်ပြောင်းရွှေ့နေပြီး ခန့်မှန်းခြေ လူဦးရေ ၆၀၀ခန့်ပြောင်းရွှေ့

နေကြောင်းသိရသည်။

"လက်ရှိမှာတော့ပြောင်းရွှေ့နေကြတယ်။ အခုကျန်ခဲ့တာက သက်ကြီးရွယ်အိုတွေနဲ့

ကလေးတွေနဲ့ မိသားစု ၄ ၅စုလောက်ပဲကျန်ခဲ့တယ်။ ခြံစည်းရိုးပေါက်သွားကတည်းက

ကျန်တဲ့လူတွေက ရှောင်သွားပါပြီ"ဟု မီးရထားဝန်ထမ်းတစ်ဦးကဆိုသည်။

ရဲနှင့် စစ်တပ်တို့ဝင်ရောက်ဖမ်းဆီးရာတွင်ယင်းမီးရထားဝန်းတံခါးတွင်ပိတ်ထားသော

အတားအဆီးများကို ယဘူဒိုဇာဖြင့်ဖျက်စီး၍ ဝင်ရောက်ခဲ့သည်။ထို့အပြင်

စက်ခေါင်းမောင်းဝန်ထမ်းများနားနေဆောင် ၂ထပ်တိုက်အဆောက်အဦးကို

ဖြိုချနေကြောင်းငင်းက ထပ်မံပြောသည်။

မီးရထားဝန်ထမ်းများ ပြောင်းရွှေ့ရေးအတွက်

အနီးရပ်ကွက်ရှိပြည်သူများကကူညီပေးလျက်ရှိပြီး လက်ရှိအချိန်တွင်

ယင်းမီးရထားဝန်းအတွင်း ရဲနှင့် စစ်တပ်တို့ကတပ်စွဲထားပြီး ပုသိမ်ညွှန့်ရပ်ကွပ်ဘက်ရှိ

လမ်းထိပ်များကိုလည်းပိတ်ထားကြောင်း သိရသည်။

အာဏာဖီဆန်ရေး CDM လှုပ်ရှားမှုတွင် မြန်မာ့မီးရထားဝန်ထမ်းများ

၉၅ရာခိုင်နှုန်းခန့်ပါဝင်နေကြောင်း ယင်းဝန်ထမ်းအသိုင်းအဝိုင်းထံမှသိရသည်။